NUCC National Unity Consultative Council

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ

# ကိုကျော်မင်းယု၊ ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော်တို့ကို သေဒဏ်စီရင်ခဲ့ကြောင်း အကြမ်းဖက်စစ်အုပ်စုက ထုတ်ပြန်မှုနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာချက်

နေ့စွဲ။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၂၅) ရက်

၁။ ပွင့်လင်းမျှတသော တရားစီရင်မှု အခွင့်အရေးကို မရရှိဘဲ မတရားသဖြင့် သေဒဏ်ချမှတ်ခြင်း ခံခဲ့ရသော ကိုကျော်မင်းယု (ခ) ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော် (ခ) မောင်ကျော်၊ ကိုလှမျိုးအောင် (ခ) ကိုမျိုး၊ ကိုအောင်သူရဇော် (ခ) ကိုသူရတို့အား အကျဉ်းထောင်လုပ်ထုံးလုပ်နည်းများအတိုင်း ပြစ်ဒဏ် စီရင် ဆောင်ရွက်ပြီးဖြစ်ကြောင်း ဇူလိုင်လ ၂၄ ရက် နေ့စွဲဖြင့် အကြမ်းဖက် စစ်အုပ်စုက သတင်း ထုတ်ပြန်ကြေညာခဲ့သည်။ ကာယကံရှင်မိသားစုများမှ ထောင်သို့ သွားရောက်စုံစမ်းသည့် အခါတွင်မူ တိကျစွာ ပြောဆိုခြင်းမရှိဘဲ မရေမရာဖြေကြားမှုများသာပြုလုပ်ခဲ့သည်ဟုသိရပါသည်။ နိုင်ငံနှင့် ပြည်သူတို့အတွက် အနစ်နာခံ တိုက်ပွဲဝင်ခဲ့သူများကို တရားလက်လွတ်ဖမ်းဆီးခဲ့ယုံမျှမက ယခုကဲ့သို့ ကာယကံရှင် မိသားစုများအား တိကျစွာအသိပေးမှုမရှိခြင်းသည် လူသတ် အလောင်း ဖျောက်သည့် ရာဇဝတ်မှုကို ကျူးလွန်ခြင်းပင်ဖြစ်သည်ဟု မိမိတို့မှ အခိုင်အမာခံယူပါသည်။

၂။ အကြမ်းဖက်စစ်အာဏာရှင်များသည် ထိုသို့ ဥပဒေမဲ့သတ်ဖြတ်မှုများ၊ လိင်ပိုင်းဆိုင်ရာအကြမ်း ဖက်မှုများကို နိုင်ငံအနှံ့အပြားတွင် အထူးသဖြင့် ဗမာမဟုတ်သော တိုင်းရင်းသားဒေသများတွင် ရည်ရွယ်ချက် ရှိရှိကျူးလွန်ခဲ့ကြသည်မှာ နှစ် ၇၀ ကျော်ခဲ့ပြီဖြစ်ပါသည်။ ယခုကြေငြာချက်အတိုင်း အမှန်တကယ် လုပ်ဆောင်ခဲ့သည်ဆိုပါက တိုင်းရင်းသားပြည်သူတရပ်လုံးအား ထပ်မံပြီး မိုက်မိုက် ကမ်းကမ်းစိန်ခေါ်လိုက်ခြင်းပင် ဖြစ်ပါသည်။ လက်နက်အားကိုးပြီး ကမ်းကုန်အောင်ယုတ်မာ ရိုင်းစိုင်း စွာ ပြည်သူအပေါ် အနိုင်ကျင့်လိုက်ခြင်းပင်ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတရပ်လုံး အနေဖြင့် လည်း လက်နက်အားကိုး၍ ဖိနှိပ်အနိုင်ကျင့်မှုကို ရပ်တန်းကရပ်စေပြီး စစ်ကျွန်ဘဝမှ ပြတ်ပြတ် သားသား ရုန်းထွက်ဆန့်ကျင် တော်လှန်ရမည့် အချိန်ရောက်ရှိပြီဆိုသည်ကို သတိပေးနှိုးဆော်လိုက် ခြင်းပင်ဖြစ်ပါသည်။

၃။ နွေဦးတော်လှန်ရေးအတွင်း အကြမ်းဖက်စစ်အုပ်စုမှ ဖမ်းဆီးပြီး မတရားသဖြင့် သေဒဏ် ချမှတ်ခံထားရသူ အရေအတွက်မှာ ၇၆ ဦးရှိပြီး မျက်ကွယ်သေဒဏ်ချမှတ်ခံထားရသည့် အရေ အတွက်မှာ ၄၁ ဦးရှိပြီဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း၏ မှတ်တမ်းများအရ သိရှိရသည်။ ယခု ၄ ဦးသာမကဘဲ အခြားသော သေဒဏ်ချမှတ်ခံထားရသည့်

သူများအား လူမိုက်ဆန်ဆန် သတ်ဖြတ်လာမည့်အရိပ်အယောင်များရှိနေသည်ကိုလည်း စိုးရိမ်ဖွယ်ရာ တွေ့ရှိနေရပါသည်။ ထို့ကြောင့် ထိုသို့ဖက်ဒရယ်ဒီမိုကရေစီရေး တိုက်ပွဲဝင်နေသူများအား တရားလက်လွတ် သတ်ဖြတ်မှုများ မပြုလုပ်နိုင်စေရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စစ်အုပ်စုအား စုံစမ်းမေးမြန်းမှုများကို လုပ်ဆောင်သင့်ပါသည်။ အကြမ်းဖက်စစ်အုပ်စုအား လျင်မြန်စွာ ဖယ်ရှားနိုင်စေရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ထိရောက်သော ဖိအားပေးမှုများကို လုပ်ဆောင်ပေးပါရန်လည်း အလေးအနက် တိုက်တွန်းအပ်ပါသည်။

၄။ အကျဉ်းထောင် လုပ်ထုံးလုပ်နည်းများအတိုင်း ပြစ်ဒဏ်စီရင်မှု ခံလိုက်ရသည်ဟု အကြမ်းဖက်စစ်အုပ်စုမှ ကြေညာခဲ့သော နွေဦးတော်လှန်ရေး သူရဲကောင်း ၄ ဦး အပါအဝင် မတရားသဖြင့် သေဒဏ်များ ချမှတ်ခြင်းခံနေရသူများ အားလုံးသည် စစ်အာဏာရှင်စနစ်အား ဖယ်ရှားပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် ဘဝတခုလုံး ပေးဆပ်တိုက်ပွဲဝင်ခဲ့သူများ ဖြစ်သည့်အတွက် မိမိတို့မှ လေးစားစွာဦးညွတ်ဂုဏ်ပြုအပ်ပါသည်။

၅။ မိမိတို့ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီအနေဖြင့်လည်း စစ်အာဏာရှင်ဆန့်ကျင်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေး အင်အားစုများနှင့်အတူ သွေးစည်းညီညွတ်စွာ ပေါင်းစည်းပြီး **တိုင်းရင်းသား ပြည်သူများ စစ်အာဏာရှင်စနစ်အောက်မှ လွတ်မြောက်ရေးနှင့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု အောင်မြင်စွာ တည်ဆောက်နိုင်ရေးအတွက် ဦးလည်မသုန်ထမ်းရွက် လုပ်ဆောင် သွားမည် ဖြစ်ပါကြောင်း လေးနက်တည်ကြည်စွာ သစ္စာပြုအပ်ပါသည်။**

**အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ**

ဆက်သွယ်ရန် - office@nucc-federal.org